# ကြော်ငြာပုံစံ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့မီးရထား
# မန္တလေးမြို့ရှိ မြန်မာ့မီးရထားပိုင် ပုပ္ပါးဟိုတယ်အမှတ်(၂)အဆောက်အအုံပါအဝင် မြေနေရာအကျယ်အဝန်း ၀.၆၄ ဧက ( ၂၇၉၂၄ ) စတုရန်းပေရှိ မြေနေရာ၌ ဟိုတယ်လုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးဘူတာကြီးအနီး (၇၈)လမ်း၊ ( ၂၈x၂၉)လမ်းကြားရှိ မြန်မာ့မီးရထားပိုင် (ယခင်) ပုပ္ပါးဟိုတယ်အမှတ်(၂)(ယခု) Hotel Amazing Mandalay အဆောက်အအုံအပါအဝင် မြေနေရာအကျယ်အဝန်း( ၀.၆၄ ) ဧက ( ၂၇၉၂၄ စတုရန်းပေ ) ရှိ မြေနေရာတွင် လုံလောက်သော ယာဉ်ရပ်နားရန်နေရာပါဝင်သည့် အထပ်မြင့် ဟိုတယ်လုပ်ငန်းကို BOT စနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည် ။

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို (၁)စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ( ၂၂-၁-၂၀၁၈ ) ရက်နေ့မှ ( ၂၂-၂-၂၀၁၈ )ရက်နေ့အထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည် ။

၃။ တင်ဒါပုံစံတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါတင်ဒါကို မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၊ တယ်လီဖုန်းအမှတ် ( ၀၂-၄၀၆၆၇၆၄ ) သို့ (၁၉-၃-၂၀၁၈)ရက်နေ့( ၁၆:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအာမခံကြေး ပေးသွင်းပြီးကြောင်း အထောက်အထားနှင့်အတူ ပေးပို့သွားရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျ ပေးပို့လာသည့် အဆိုပြုလွှာများ၊ တင်ဒါအာမခံကြေး မပေးသွင်းသူများကို လက်ခံ စဉ်းစားမည် မဟုတ်ပါ ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ( ဖုန်း၊၀၂-၄၀၃၅၁၇၂ )၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး ( ဖုန်း၊၀၂-၄၀၃၅၈၂၉ )၊ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)(ဖုန်း၊ ၀၂-၄၀၆၆၇၆၄ )တို့ထံ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ